# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 29, 2019 — Volume 18, Number 17


**၂၉.၄.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၁၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇ ကျပ် |
| CBM Rate | = ၁၅၂၃.၄/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၉.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၃၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပို့ကုန်လုပ်ငန်းတွင် နိုင်ငံခြားလုပ်ငန်းရှင်များကို ခွင့်ပြုမည်ဟုဆို

ပို့ကုန်ကဏ္ဍတွင် နိုင်ငံခြားသားလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်ခွင့်ကို မကြာမီ ခွင့်ပြုမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

လယ်ယာထွက်ကုန် ခုနစ်မျိုး၊ သတ္တုတွင်းထွက်ပို့ကုန်အချို့နှင့် မြန်မာနိုင်ငံမှ ကုန်ပစ္စည်း ၂၁ မျိုးကို နိုင်ငံခြားသားများအား လုပ်ကိုင်ခွင့်ပြုရန် စီစဉ်နေသည်ဟု ဧပြီ ၂၇ ရက်က ဒုတိယသမ္မတနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံက လယ်ယာထွက်ကုန်ပစ္စည်းတွေဝယ်ပြီး တိုက်ရိုက်ရောင်းချနိုင်ဖို့ ခွင့်ပြုပေးသွားမှာပါဟု ဒေါက်တာသန်းမြင့်ကပြောသည်။

ကုန်ပစ္စည်းအမည် ၂၁ မျိုးကို နိုင်ငံခြားသားများအား တိုက်ရိုက်ရောင်းချခွင့်ပြုမည်ဆိုသော်လည်း လယ်ယာထွက်ကုန်များအပါအဝင် ကုန်ပစ္စည်းအမည် အသေးစိတ်ကို ပြည်ထောင်စုဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ နိုင်ငံခြားသား တိုက်ရိုက်ကုန်သွယ်ခွင့်နှင့်ပတ်သက်ပြီး လက်ရှိတွင် ပြည်ထောင်စုအစိုးရထံတင်ပြထားကာ မကြာမီခွင့်ပြုချက်ရရှိမည်ဟု ဝန်ကြီးကဆိုသည်။ နိုင်ငံခြားသားများကို ကုန်သွယ်ရေးလုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်ခွင့်ပြုခြင်းနှင့်ပတ်သက်ပြီး ယေဘုယျအားဖြင့်ကတော့ ကောင်းပါတယ်။ ကြိုဆိုရမှာပါဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ ဧပြီ ၂၇ ရက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က စနစ်တကျစိစစ်ပြီး ခွင့်ပြုပေးနိုင်ရင် တောင်သူလယ်သမားတွေအတွက် ဈေးကွက်ပိုရပါတယ်ဟု ၎င်း၏အမြင်ကိုပြောသည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဟန်ချက်ညီစွာလုပ်ဆောင်နိုင်ရန်လည်း အရေးကြီးကြောင်း ၎င်းကပြောသည်။ စနစ်တကျ လုပ်ကိုင်ပြီး နိုင်ငံတကာတွင်နာမည်ကောင်းရှိသည့်ကုမ္ပဏီကြီးများကို ရွေးချယ်ခွင့်ပြုပေးသင့်သည်ဟုဆိုသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုတွင် စိတ်ဝင်စားမှုလျော့ကျခြင်းမရှိစေရန် ကုန်သွယ်မှုခွင့်ပြုချက်နှင့် ရင်းနှီးမြှုပ်နှံမှုကို ချိတ်ဆက် ဆောင်ရွက်ရန်လည်း ဦးရဲမင်းအောင်က အကြံပြုသည်။

**Source:** http://www.7daydaily.com/story/154751

## အစိုးရသက်တမ်းသုံးနှစ်အတွင်း ပို့ကုန်နှစ်ဆတိုးလာကြောင်း စီးပွားကူးသန်းဒုဝန်ကြီးပြော

အစိုးရသက်တမ်းသုံးနှစ်အတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏနှစ်ဆခန့်တိုးတက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ ဝန်ကြီးဌာနသည် ပို့ကုန်ပမာဏသုံးဆခန့်တိုးတက်ရေးဆောင်ရွက်ရန် ရည်မှန်းထားကြောင်း အစိုးရ၏ပြည်သူအတွက် တစ်နှစ်တာအစီအစဉ်တွင် နိုင်ငံပိုင်သတင်းစာနှင့် အင်တာဗျူး၌ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ပို့ကုန် တိုးတက်စေရေး ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ရှင်းပြရာတွင် ပို့ကုန်အမည်နှင့်တင်ပို့မည့် နိုင်ငံများဖြန့်ဝေခြင်း၊ အဓိကပို့ကုန် အမျိုးအစား ကို ပိုမိုဦးစားပေး စူးစိုက်တိုးချဲ့တင်ပို့ခြင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာချမှတ်ပြီး ဆောင်ရွက်နေခြင်းကိုလည်း ဒုဝန်ကြီးကရှင်းပြသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏတိုးတက်မှုက လက်ရှိအစိုးရ သက်တမ်းသုံးနှစ်အတွင်း ၄၀ ရာခိုင်နှုန်းကျော် တိုးတက်

လာသည်။ ယခင်အစိုးရလက်ထက် နောက်ဆုံးဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စာရင်းများအရ ကန်ဒေါ်လာ ၁၁ ဒသမ ၁၃ ဘီလီယံကျော်ရှိပြီး ၂၀၁၈ ဧပြီ ၁ ရက်မှ ၂၀၁၉ မတ်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏသည် ဒေါ်လာ ၁၆ ဘီလီယံခန့် ရှိသည်။

ယခုဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် တိုးတက်မှုအားအကောင်းဆုံး ပို့ကုန်အမျိုးအစားသည် လက်ခစား ချုပ်ထည် ပို့ကုန်များဖြစ်သည်။ ယခုဘဏ္ဍာနှစ် ခြောက်လကျော်အတွင်း ပြည်ပသို့ လက်ခစားစနစ်ဖြင့် အထည်ချုပ် တင်ပို့မှုက ကန်ဒေါ်လာနှစ်ဘီလီယံကျော်သည်။ မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍမှ ပို့ကုန် ပမာဏက နှစ်ဆကျော် တိုးတက်နေခြင်း ဖြစ်သည်။ အထည်ချုပ်ကဏ္ဍ ပို့ကုန်တိုးမြှင့်မှုသည် အလုပ်အကိုင် ခွင့်အလမ်း ဖန်တီးပေးမှုတွင် အဓိကကျပြီး အစိုးရသက်တမ်းအတွင်း လူတစ်သန်းအထိ အလုပ်အကိုင်ရရှိရန် ရည်မှန်းဆောင်ရွက်နေကြောင်း ဒုဝန်ကြီးကဆိုထားသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ် ခြောက်လကျော်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံကျော်ရှိပြီး သွင်းကုန်မှာ ကန်ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံ ရှိသည်။ ထို့ကြောင့် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာသန်း ၈၀၀ ကျော်သာရှိသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ကျော် လျော့နည်းသည်။ ကုန်သွယ်မှုလိုငွေ လျော့နည်းခြင်းသည် ပို့ကုန်တိုးတက်သကဲ့သို့ သွင်းကုန်လျော့နည်းမှုလည်း ပါဝင်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

**Source:** http://www.7daydaily.com/story/154735

## မကွေးမြို့တွင် ကျောက်စရစ်နှင့်သဲကို သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရမည်

မကွေးမြို့နယ်တွင် ကျောက်စရစ်နှင့် သဲထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများသည် မကွေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ထားသည့် စံဈေးနှုန်းနှင့်ရောင်းချရန် သတ်မှတ်ထားကြောင်း ယင်းကော်မတီအတွင်းရေးမှူးတိုင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇော်လွင်ကပြောသည်။ ထိုသို့ စံဈေးနှုန်းသတ်မှတ်ရာတွင် ကော်မတီက လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်၊ အလုပ်သမားစရိတ်၊ အစိုးရထံပေးဆောင်ရသည့် အခွန်အခများတွက်ချက်၍ သင့်လျော်သည့်အမြတ်ရရန် လုပ် ငန်းရှင်များ၏ သဘောတူညီမှုဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း ၎င်းကဆိုသည်။

ကော်မတီနှင့်လုပ်ငန်းရှင်တို့၏ ညှိနှိုင်းသတ်မှတ်ချက်အရ မကွေးမြို့နယ်တွင် ကျောက်စရစ်တစ်ကျင်းလျှင် ကျပ် ၂၃,၀၀၀၊ သဲတစ်ကျင်းလျှင် ကျပ် ၇,၀၀၀ နှုန်းသတ်မှတ်ထားပြီး ဈေးပိုယူရောင်းချခြင်း၊ ဈေးလျှော့ယူ ရောင်းချခြင်း များကို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ပစ္စည်းသယ်ယူပို့ဆောင်တဲ့အခါမှာလည်း ဖုန်အပိုင်းအခြားအလိုက် ဈေးနှုန်းသတ်မှတ် ပေး ထားပါတယ်။ ဈေးနှုန်းက တစ်ပြေးညီဖြစ်နေရပါမယ်။ အပြင်လူကပဲလုပ်လုပ်၊ လုပ်ငန်းရှင်ကပဲလုပ်လုပ် သတ်မှတ်ဈေးနှုန်းအတိုင်းပဲ ရောင်းချရမှာပါ။ စည်းကမ်းဖောက်ခဲ့ရင် သယ်ဆောင်တဲ့ယာဉ်နဲ့ ယာဉ်ပိုင်ရှင်ကို အရေးယူမှာပါဟု ဦးဇော်လွင်ကဆိုသည်။

ထိုသို့စံဈေးနှုန်းသတ်မှတ်ရခြင်းသည် လုပ်ငန်းရှင်တစ်ဦးတစ် ယောက်က ဈေးနှုန်းထိန်းချုပ်၍ ဈေးကစားခြင်းမျိုး မဖြစ်စေရေး၊ လုပ်ငန်းရှင်နှင့် ဝယ်ယူသုံးစွဲသူ များကြား အကျိုးမျှတမှုရှိစေရေး ရည်ရွယ်ကြောင်း ၎င်းကပြောသည်။ ကျောက်စရစ်နှင့် သဲထုတ် လုပ်မှု လုပ်ငန်းများသည် ဒေသအလိုက် ထုတ်လုပ်မှုခက်ခဲခြင်း၊ လွယ်ကူခြင်းများရှိ၍ တစ်တိုင်း လုံးအတိုင်းအတာဖြင့် တူညီသည့် စံဈေးနှုန်းများ သတ်မှတ်ရန်မဖြစ်နိုင်သေးကြောင်း ၎င်းကဆိုသည်။ ထို့ကြောင့် ဒေသအလိုက် သဲ၊ ကျောက်စရစ်ထုတ်လုပ်မှုလုပ်ငန်းများကို စံနှုန်းများသတ်မှတ်ဆောင်ရွက်နိုင်ရန် မကွေး တိုင်းဒေသကြီးရှိ ၂၅ မြို့နယ်အနက် မြို့နယ်အလိုက် ဒေသဆိုင်ရာ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီကို ၂၂ မြို့နယ်တွင် ဖွဲ့စည်းထားကြောင်း ဦးဇော်လွင်ကပြောသည်။

**Source:** http://www.7daydaily.com/story/154679

## အနောက်အာဖရိကသို့ ဆန်တင်ပို့ ရန် မလေးရှားကုမ္ပဏီတစ်ခုက မြန်မာသို့ကမ်းလှမ်း

အနောက်အာဖရိကနိုင်ငံများသို့ ဆန်တင်ပို့ရန် မြန်မာ့ဆန်ကိုဝယ်ယူလိုသည်ဟု မလေးရှားနိုင်ငံမှကုမ္ပဏီတစ်ခုက အကြောင်းကြားစာပို့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူအချို့ကပြောသည်။ အိုင်ဗရီကို့စ်နိုင်ငံ၌ မြန်မာ့ဆန်များဖျက်ဆီးခံရသည့် သတင်းများပေါ်ထွက်နေချိန်တွင် မလေးရှားနိုင်ငံမှ PALMTOP VEGEOOIL PRODUCTS SDN BHD ကုမ္ပဏီက မြန်မာနိုင်ငံမှဆန်ဝယ်လိုကြောင်းနှင့် ဆန်စက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လိုကြောင်း စာပို့ခြင်းဖြစ်သည်။ မလေးရှားနိုင်ငံမှ ကမ်းလှမ်းလာမှုနှင့်ပတ်သက်ပြီး ချိတ်ဆက်ဆောင်ရွက်လိုသော အသင်းဝင်ကုမ္ပဏီများ ဆောင်ရွက်နိုင်ရန် အသင်းချုပ်က မေ ၂၆ ရက်တွင် အကြောင်းကြားစာပေးပို့သည်။ မလေးရှားက အရင်က မြန်မာ့ဆန်ကိုမဝယ်ဖူးကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။

မြန်မာနိုင်ငံမှဆန်သည် နိုင်ငံတကာဈေးကွက်တွင် ဈေးအသက်သာဆုံးဖြစ်နေခြင်းကြောင့် ဝယ်လိုခြင်း ဖြစ်နိုင်သည်ဟု ၎င်းကဆိုသည်။ လက်ရှိမြန်မာ့ဆန်ဈေးက နိုင်ငံတကာဈေးကွက်တွင် ၂၅ မှတ်အမျိုးအစားဆန် တစ်တန်လျှင် (FOB သင်္ဘောပေါ်ရောက်ဈေး) ၂၇၅ ဒေါ်လာ ဈေးဖွင့်သည်။ ထိုင်းနိုင်ငံမှ ၂၅ မှတ် ဆန်တစ်တန်၏ ဈေးနှုန်းက ၃၇၉ ဒေါ်လာနှင့် ဗီယက်နမ်ဆန်က ၃၃၃ ဒေါ်လာဈေးဖွင့်သည်။

မြန်မာ့ဆန်နှင့်ပတ်သက်ပြီး အာဖရိကနိုင်ငံတစ်ခုဖြစ်သော အိုင်ဗရီကို့စ်နိုင်ငံတွင် အခက်အခဲကြုံရသော်လည်း ဈေးနှုန်း သက်သာမှုကြောင့် ဝယ်လိုသူများနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူအချို့ကပြောသည်။ ထို့အပြင် ဧပြီ ၂၄ ရက်က တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင်စတင်သည့် Belt and RoadForum ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာလီကဲ့ချန်းနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁၀၀,၀၀၀ တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ခွဲတမ်းကို ဆက်လက်ပေးအပ်ရေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားထားသည်။

**Source:** http://www.7daydaily.com/story/154845

## ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ ကျပ်တစ်ထောင်အထက် ပြန်ရောက်




ဒီဇယ်ဆီဈေးနှုန်းသည် ယမန်နေ့က တစ်လီတာလျှင် ကျပ်တစ်ထောင်ကျော်အထိ ပြန်လည်ရောက်ရှိပြီး အခြားစက်သုံးဆီဈေးနှုန်းများလည်း ဆက်လက်မြင့်တက်ခဲ့သည်။ ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ဒီဇင်ဘာတွင် တစ်လီတာလျှင် ကျပ်တစ်ထောင်အောက်ကျဆင်းပြီး လေးလအကြာတွင် ကျပ်တစ်ထောင်အထက်သို့ ပြန်လည်ရောက်ရှိခြင်းဖြစ် သည်။ ပြည်တွင်းစက်သုံးဆီ ရန်ကုန်အထိုင်ဈေးကွက်ရှိ စက်သုံးဆီဆိုင်အများစုတွင် ဧပြီ ၂၆ ရက်က ဒီဇယ်တစ်လီတာလျှင် ကျပ် ၁,၀၁၀ ဖြင့် ရောင်းချခဲ့သည်။

ဒီဇယ်ဆီသည် ၂၀၁၈ အောက်တိုဘာက တစ်လီတာလျှင် ကျပ် ၁,၁၀၀ ဖြင့် စက်သုံးဆီ ဈေးကွက်သမိုင်းတစ်လျှောက် အမြင့်ဆုံးရောက်ရှိခဲ့သည်။ ယင်းနောက် ဒီဇင်ဘာကစ၍ စက်သုံးဆီဈေးနှုန်း ဆက်တိုက်ကျဆင်းရာ ၂၀၁၉ ဇန်နဝါရီတွင် တစ်လီတာလျှင် ၈၈၀ ကျပ်အထိ ရောက်ရှိပြီးနောက် တဖြည်းဖြည်းဈေးပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ ထို့အပြင် ပရီမီယံဒီဇယ်သည် ဧပြီ ၂၆ ရက်က တစ်လီတာလျှင် ၁,၀၂၀ ကျပ်ရှိပြီး ယမန်နှစ်က အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည့် တစ်လီတာ ၁,၁၀၀ ကျပ်အထိ ပြန်လည်ရောက်ရှိရန် နီးကပ်လာသည်။ ဒီနှုန်းအတိုင်းဆက်တက်နေမယ်ဆိုရင် မနှစ်ကစံချိန်ကိုတောင် ထပ်ကျော်သွားမယ့် အခြေအနေရှိနေကြောင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့အပြင် ဧပြီ ၂၆ ရက်က အခြားစက်သုံးဆီ အမျိုးအစားများဖြစ်သည့် အောက်တိန်း -92 တစ်လီတာလျှင် ကျပ် ၈၈၀ ၊ အောက်တိန်း– 95 တစ်လီတာလျှင် ကျပ် ၉၅၀ ရှိကာ တစ်ပတ်အတွင်း တစ်လီတာလျှင် ၂၀ ကျပ်စီ မြင့်တက်ခဲ့သည်။ ထိုသို့ ပြည်တွင်းစက်သုံးဆီဈေးများ တစ်ကျော့ပြန်မြင့်တက်ခြင်းသည် ကမ္ဘာ့ရေနံစိမ်းဈေး မြင့်တက်လာမှုကြောင့်ဖြစ်သည်ဟု စက်သုံးဆီလုပ်ငန်းများကဆိုသည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည် ဧပြီ ၂၆ က

တစ်စည်လျှင် ၇၄ ဒေါ်လာအထိရောက်ရှိပြီး ယင်းနှုန်းထားသည် တစ်ပတ်အတွင်း တစ်စည်လျှင် နှစ်ဒေါ်လာ မြင့်တက်ခဲ့ခြင်း ဖြစ်သည်။

**Source:** http://www.7daydaily.com/story/154711

## စစ်ကိုင်းတိုင်းထွက် စိန်တလုံးသရက်သီးများ မူဆယ်ဈေးကွက်သို့ စပို့




စစ်ကိုင်းတိုင်းတွင် စိုက်ပျိုးထုတ်လုပ်သည့် စိန်တလုံး သရက်သီးများ ဧပြီစတုတ္ထပတ်တွင် မူဆယ်ဈေးကွက်သို့ စတင်တင်ပို့ရောင်းချနေကြောင်း တိုင်းဒေသကြီး သရက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းကပြောသည်။

ဒီရက်ပိုင်း စစ်ကိုင်းတိုင်းကထွက်တဲ့ စိန်တလုံး သရက်သီးတွေ ဈေးကွက်စပို့နေပြီ။ ဈေးကွက်စဖွင့်တဲ့အချိန် စိန်တလုံး ၁၆ ကီလိုဂရမ်တစ်ခြင်းကို ၁၆၅ ယွမ်လောက် အထိ ဈေးကောင်းရတယ်။ မနှစ်က ဈေးစဖွင့်တဲ့အချိန်နှင့် ယှဉ်ရင် ဈေးပိုရတယ်လို့ ပြောလို့ရမယ်ဟု ဦးသန်းထွန်းက ပြောသည်။ ယခုနှစ် သရက်ဖူးပွင့်ချိန်တွင် ရာသီပြောင်းလဲသဖြင့် သရက်သီးအထွက်နှုန်း အနည်းငယ်လျော့နည်းပြီး ယခင်နှစ် သရက်သီးဈေးကွက်စတင်ရောင်းချချိန်က ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် ယွမ် ၁၂၀ ခန့်သာ အမြင့်ဆုံး ဈေးနှုန်းရရှိကြောင်း ၎င်းကဆိုသည်။ မနှစ်က စိန်တလုံးဈေးကွက်ပျက်လို့ တောင်သူတွေအရှုံးနဲ့ ရင်ဆိုင်ရတာရှိတယ်။ ဒါကြောင့် စိန်တလုံးသရက်သီးတွေ ရင့်မှည့်ပြီဆိုတာနဲ့ ဈေးကွက်တန်းပို့တော့တာဟု စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲ ကျေးရွာမှ စိန်တလုံးသရက်စိုက် တောင်သူတစ်ဦးကပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ ရင်ကွဲ၊ မချစ်စု၊ အောင်ဒင် သရက်စိုက် ဧက ၁၂,၀၀၀ ခန့်ရှိပြီး တစ်ဧကလျှင် ၃ ဒသမ ၅ တန်ထွက်လျှင် တန်ချိန်လေးသောင်းခန့် ဈေးကွက်တင်ပို့ ရောင်းချနိုင်ကြောင်း တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန မှတ်တမ်းများအရသိရသည်။

**Source:** http://www.7daydaily.com/story/154677

## ရှေ့နှစ်များအတွင်း တရုတ်နိုင်ငံ၏ ပြောင်းဝယ်ယူတင်သွင်းမှု ပိုမို များပြားလာနိုင်

ပြီးခဲ့သော နှစ်များအတွင်း တရုတ်နိုင်ငံတွင် ပြောင်းလက်ကျန်ပမာဏ လျော့နည်းလာခြင်းကြောင့် ရှေ့လာမည့် နှစ်များ တွင် ပြောင်းဝယ်ယူတင်သွင်းမှုလည်း ပိုများလာနိုင်သည်ဟု အစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။ ပြောင်းလိုအပ်ချက် များလာနိုင်သော်လည်း တရုတ်အနေဖြင့် ၎င်း၏ သွင်းကုန်ခွဲတမ်းသတ်မှတ်ချက်နှင့် အခွန် မူဝါဒပိုင်းကို အပြောင်းအလဲလုပ်မည်မဟုတ်ဘဲ အမေရိကန်ထံမှ ပြောင်းကိုလည်း တိုးမြှင့်ဝယ်ယူတင်သွင်းလိမ့်မည် မဟုတ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

လာမည့် ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် ထုတ်လုပ်မှုထက် ပိုများနေသော ဝယ်လိုအားကြောင့် ပြည်ပမှ ပြောင်း တင်သွင်းမှု ပိုမိုများပြားလာရန်ရှိသည်ဟု တရုတ်လယ်ယာစိုက်ပျိုးရေးကဏ္ဍအလားအလာ (၂၀၁၉-၂၀၂၈) အစီရင်ခံစာကို ကိုးကား၍ CCTV သတင်းဌာနက ဖော်ပြသည်။ တရုတ်နိုင်ငံ၏ ပြောင်းစိုက်ခင်း ဧရိယာနှင့်ပြောင်း ထုတ်လုပ်မှုသည် သုံးနှစ်ဆက်တိုက်အထိ လျော့နည်းခဲ့ပြီး ယခုနှစ်တွင်လည်း ဆက်လက်လျော့ကျဖွယ်ရှိနေကြောင်း ယခင်အပတ် စနေနေ့က ဘေဂျင်းမြို့တော်တွင် ထုတ်ပြန်သည့် အဆိုပါအစီရင်ခံစာကြေညာချက်တွင် ဖော်ပြထား သည်။

စိုက်ဧကနှင့်ထုတ်လုပ်မှုလျော့လာချိန်တွင် တိရစ္ဆာန်အစာနှင့် အခြားလုပ်ငန်းများအတွက် ပြောင်းဝယ်ယူ စားသုံးမှု အင်အားမှာ ဆက်တိုက်တိုးပွားလာရန်သာရှိသည်ဟု ယင်းအစီရင်ခံစာကဆိုသည်။ တရုတ်အစိုးရက ပြောင်းလက်ကျန် ပမာဏကို လျှော့ချလာခြင်းကြောင့် စိုက်ဧကနှင့် ထုတ်လုပ်မှုအင်အား လျော့နည်းလာရခြင်းဖြစ်သည်ဟု တရုတ်ပြည် အလယ်ပိုင်းဒေသ ဟီနန်ခရိုင်အခြေစိုက် cngrain.com ၏ အယ်ဒီတာချုပ်က သုံးသပ်ပြောကြားသည်။ တရုတ်ပြည်၏ ပြောင်းရောင်းအားသည် ၂၀၁၆ ခုနှစ်က တန်ချိန် သန်း ၂၆၀ အထိ ကြီးမားခဲ့သော်လည်း လက်ရှိပြောင်းသိုလှောင်

ပမာဏမှာ တန်ချိန် သန်း ၈၀ ထက်ပင် လျော့နည်းသွားပြီဟု ယခင်နှစ် နိုဝင်ဘာလက သတင်းမီဒီယာများတွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ပြည်ပပြောင်း တင်သွင်းမှုသည် ၂၀၁၈ ခုနှစ်က တန်ချိန် ၃.၅၂ သန်း ရှိခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်တွင် တန်ချိန် ၃.၆ သန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၄ သန်းအထိ ပိုများလာမည်ဟု ခန့်မှန်းရသည်။ ယခုနှစ်အဖို့ တရုတ်အစိုးရက သတ်မှတ်ထားသော ပြောင်းသွင်းကုန်ခွဲတမ်းမှာ စုစုပေါင်း တန်ချိန် ၇.၂ သန်း ဖြစ်သည်။ ပြောင်းသွင်းကုန်ခွန်ကို ၁ % သာ သတ်မှတ်ထားသော်လည်း ခွဲတမ်းထက် ပိုမို တင်သွင်းလာပါက ၆၅ % အထိ အခွန်ကောက်မည် ဖြစ်ကြောင်း တရုတ်အမျိုးသား ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်က ထုတ်ပြန်ထားသည်။

**Source: Global Times**

## ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာသန်း ၁၃၀၀ ကျော်လျော့

ပို့ကုန်တိုးလာခြင်းနှင့်အတူ သွင်းကုန်လျော့ကျခြင်းကြောင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလကထက် ကုန်သွယ်မှုလို ငွေပြသမှုပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၁၃၅၀ ကျော်အထိလျော့ကျကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုကိန်းဂဏန်းများအရသိရသည်။ ကုန်သွယ်မှု လိုငွေပမာဏသည် ယခင်ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဧပြီလ တတိယပတ်အတွင်းက အမေရိကန်ဒေါ်လာသန်း ၂၂၀၀ ကျော်အထိရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ် အလားတူကာလအတွင်း ကုန်သွယ်မှုလိုငွေ ပမာဏသည် အမေရိကန်ဒေါ်လာ ၈၄၅ သန်းသာရှိကြောင်း ယင်းကိန်းဂဏန်းများအရသိရသည်။ ယခုဘဏ္ဍာနှစ် ခုနစ်လအတွင်း ပို့ကုန်ပမာဏသည် ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာ သန်း ၇၄၀ ကျော်ပိုတိုးလာခဲ့ပြီး သွင်းကုန်မှာ ယင်းကာလတူအတွင်း အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော်လျော့ကျကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနထံမှသိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပို့ကုန်ပစ္စည်းများတွင် တရုတ်နိုင်ငံ၏ ဖမ်းဆီးမှုများကြောင့် ဆန်၊ ပြောင်းနှင့် သကြားတို့ တင်ပို့မှုလျော့ကျသော်လည်း အထည်ချုပ်ကဏ္ဍမှ တင်ပို့မှုမြင့်တက်လာခြင်းနှင့်အတူ အိန္ဒိယနိုင်ငံ၏ အခြေအနေကြောင့် တင်ပို့မှုလျော့ကျမည်ဟု ခန့်မှန်းထားသော ပဲမျိုးစုံတင်ပို့မှုမှာလည်း တိုးတက်လာခဲ့သည့်အတွက် ပို့ကုန်ပမာဏ တိုးလာခြင်းဖြစ်ကြောင်း၊ သွင်းကုန်မှာမူ မော်တော်ယာဉ်ကဲ့သို့ တန်ဖိုးကြီးကုန်ပစ္စည်းများ တင်သွင်းမှုလျော့ကျခြင်းကြောင့် လျော့ကျခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များကဆိုသည်။ ယခုဘဏ္ဍာနှစ်အတွင်း ပို့ကုန်အမေရိကန်ဒေါ်လာသန်း ၈၉၈၀ ကျော်နှင့် သွင်းကုန်အမေရိကန်ဒေါ်လာ သန်း ၉၈၂၀ ကျော်ရှိကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနထံမှသိရသည်။

**Source:** https://www.facebook.com/kope.aung?ref=br_rs

## ငါးနီတူငါးခြောက် အဝယ်လိုက်နေတဲ့ တောင်ကုတ်ဈေးကွက်



အားလပ်ရက် လာရောက်သူတွေရဲ့ ဝယ်ယူမှုတွေကြောင့် ရခိုင်ဒေသထွက် ငါးနီတူငါးခြောက်နဲ့ စိမ်းစားငါးပိတွေ အရောင်းသွက်ခဲ့တယ်လို့ တောင်ကုတ်ဈေးကွက်ကနေ သိရပါတယ်။ သင်္ကြန်နယ်ပြန်သူတွေမှာဆိုရင် ရန်ကုန်အပြန်မှာ လူတိုင်း လိုလို မိုးတွင်းမှာစားသုံးဖို့ တစ်ယောက်ကို အနည်းဆုံး တစ်ပိဿာကနေ မိသားစုအများရှိတဲ့သူတွေဆိုရင် ၅ ပိဿာ၊ ၁၀ ပိဿာလောက် အထိဝယ်ယူကြပါတယ်။ ဈေးနှုန်းတွေမှာဆိုရင်လည်း တစ်ပိဿာကို ကျပ် ၇၀၀၀ ဝန်းကျင်လောက် အထိရှိပါတယ်။

အရင်လ လောက်ကဆိုရင် ငါးနီတူပေါ်တာကြောင့် တစ်ပိဿာကို ၆၅၀၀ လောက်ရှိတယ်၊ ခုဆိုရင် ၇၀၀၀ လောက်ရှိတယ်၊ ဈေးနှုန်းတွေက မိုးကျခါနီးတော့ ဈေးပိုကောင်းတာပေ့ါ၊ ဝယ်သူတွေလဲ များတာပေ့ါလို့ ငါးခြောက်ရောင်းဝယ်သူ မပုတိုကပြောပါတယ်။ ဒေါ့ပြင်ရပ်ကွက်တွေ အတွင်းမှာဆိုရင် အိမ်ဆိုင်လေးတွေမှာ တစ်ဆယ်သား ၁၀၀၀ လောက်ဈေးနှုန်းနဲ့ ရောင်းချနေကြပါတယ်။ ရန်ကုန်အပြန် ငါးခြောက် ဝယ်ယူသူတစ်ဦးဖြစ်တဲ့ မသီတာက ကျွန်မတို့အိမ်မှာဆို မိသားစုများတာကြောင့် မိုးတွင်းစားဖို့ ငါးခြောက်ဝယ်ရင် ၁၀

ပိဿာလောက်ဝယ်ရတာ၊ ရခိုင်မှာဈေးနည်းနည်းနဲ့ရတယ်၊ ပြီးတော့ကိုယ်ကြိုက်တာ ရွေးဝယ်နိုင်တယ်၊ ပြီးတော့ ဒေသထွက်ဖြစ်တာကြောင့် ရန်ကုန်မှာ ရောင်းတဲ့ဈေးနဲ့ကွာသွားတယ်လေ၊ မိုးတွင်းစားဖို့အတွက် တစ်ခါတည်းပဲ ဝယ်သွားတော့တယ်လို့ ပြောပါ တယ်။

ဒ့ါပြင်အပြန်လက်ဆောင်အတွက် ငါးခြောက်ဝယ်ယူမှုလည်းရှိနေပါတယ်။ အပြန်လက်ဆောင်အတွက်ဆိုရင်လည်း တစ်ပိဿာဝယ်ယူသူ နှစ်ပိဿာဝယ်သူတွေရှိနေပါတယ်။ ပြီးတော့သည် အချိန်က ပုစွန်ခြောက်တွေကလည်း မိုးတွင်းမဟုတ်တော့ ရှားပါးနေပြီး ဈေးနည်းနည်းမြင့်တာကြောင့် ငါးခြောက်တွေ ပိုယူကြတာ ဖြစ်တယ်လို့ ငါးခြောက်ရောင်းဝယ်ရေးဆိုင်တစ်ဆိုင်ကပြောပါတယ်။ ရန်ကုန်မှာဆိုရင် ငါးနီတူ ခြောက် တစ်ဆယ် သားကို ကျပ် ၁၂၀၀၊ ၁၃၀၀၊ ၁၄၀၀ ဈေးအမျိုးမျိုးရှိပါတယ်။ ဒေသထွက်မျှင်ငါးပိတွေမှာဆိုရင် တစ်ပိဿာကို ၅၀၀၀ ကစပြီး ၁၀,၀၀၀ ကျော်ဝန်းကျင်ကို အဝယ်များကြပါတယ်။ ဈေးနှုန်းတွေကတော့ ၃၀၀၀ ဝန်း ကျင်ကစရှိပေမဲ့ သိပ်စား မကောင်းတာကြောင့် ဈေးနှုန်းအသင့်အတင့်ရှိပြီး စားလို့အဆင်ပြေတဲ့ ၁၀၀၀၀ ဝန်းကျင်တန်လောက်တွေကို လူကြိုက်များကြတာဖြစ်တယ်။ ငါးပိကဆိုရင် ဒေသခံတွေအတွက်မရှိမဖြစ် လိုအပ်တဲ့ အရာတစ်ခုပဲလေ၊ ဆန်တွေ၊ ငရုတ်သီးတွေလိုမရှိမဖြစ်လိုအပ်တာ၊ ပြီးတော့ အချိန်ဆိုရင်ပေါတဲ့ အချိန် ဖြစ် တာကြောင့် စားမယ့်သူတွေ ရော၊ ရောင်းမယ့်သူတွေရော ဝယ်ပြီးစုထားကြတယ်လို့ ငါးပိရောင်း ချနေသူ ဒေါ်အောင်နွဲ့က ပြောပါတယ်။ မိုးတွင်းအခါစားသုံးဖို့ကြိုတင် ဝယ်ယူမှုတွေကြောင့် တစ်ယောက်ကို အနည်းဆုံး ၃ ပိဿာ၊ ၅ ပိဿာ၊ ၁၀ ပိဿာ အမျိုးမျိုးဝယ်ယူမှုတွေရှိနေပြီး အရောင်းအဝယ်ကောင်းနေပါ တယ်။

**Source:** https://www.kumudranews.com/news-

## ပြည်တွင်းမှာ ကျွဲနွားအရောင်းအဝယ်စင်တာတွေလိုပြီ

ကျွဲနွားဈေးကွက်က တရုတ်ပြည်ထဲရောက်မှ ငွေရရှိတဲ့ပုံစံတွေဖြစ်နေတာကြောင့် ပြည်တွင်းဈေးကွက်ဖြစ်ဖို့ တရုတ်ကိုသွားရာလမ်းကြောင်းတွေမှာ ရောင်းဝယ်ရေးစင်တာတစ်ခုစီရှိဖို့လိုလာပြီလို့ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာကျော်ထင်က ဆိုပါတယ်။ ပြည်တွင်းမှာ နယ်စပ်မရောက်ခင် ဈေးကွက်ဖြစ်ပြီးတော့ ဝယ်လိုသူက ပစ္စည်းကြည့်မယ်၊ ရွေးမယ်။ ငွေချေပြီးမှ ပို့တဲ့စနစ်ကို လုပ်နိုင်မှ ပြည်တွင်းကျွဲနွားတင်ပို့တဲ့သူတွေအတွက် အားသာချက်ဖြစ်လာမယ်လို့ဆိုပါတယ်။

ဒေါက်တာကျော်ထင်က ဒီတိုင်းကတော့ ကျွန်တော်တို့က အလုအယက်ပို့နေပြီးတော့ ဝယ်လက်မရှိသေးဘဲ နယ်စပ်ကို သွားတယ်၊ နယ်စပ်မှာစုပြုံနေတယ်၊ အဲဒီကျမှ အူယားဖားယားရောင်းရတဲ့စနစ်ဆို တော့ ကျွဲနွား ကုန်သည်လဲ ဒုက္ခရောက်မယ်၊ ဒုက္ခရောက်ရင်မွေးတဲ့ တောင်သူတွေလဲ အထိုက်အလျောက်ဈေးနှုန်း ရတာနည်းသွားမှာပေ့ါလို့ ပြောပါတယ်။ အခုက မူဆယ်လမ်းကြောင်းကနေ ပို့နေတာရှိသလို လွယ်ကျယ်လမ်းကြောင်းကိုပါ တိုးချဲ့ဖွင့်ပေးဖို့ ဆွေးနွေးနေတာရှိတယ်လို့ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ (၁) ဆီက သိရပါတယ်။ ပြည်တွင်းဈေးကွက်ဖြစ်ဖို့က ဥပမာ မူဆယ်လမ်းကြောင်းပေါ်မှာပဲဖြစ်စေ၊ မူဆယ်မှာ သွားပြီးတော့ ဈေးကွက်ဖွင့်တာမျိုးမဟုတ်ဘဲ မန္တလေးတိုင်းထဲမှာဖြစ်စေ၊ ရှမ်းပြည်နယ်ရဲ့မန္တလေးတိုင်းနဲ့ နီးစပ်လောက်တဲ့အစပ်မှာဖြစ်စေ ရောင်းဝယ်ရေးစင်တာ ရှိလာဖို့လိုတယ်လို့ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်ကဆိုပါတယ်။

အဲသည်စင်တာမှာ ဘဏ်စနစ်ရော အင်ပို့ပါမစ်ထုတ်ပေးတဲ့စနစ်ရော၊ တိရစ္ဆာန်ရောဂါစစ်ပေးတဲ့ စနစ်ရော၊ အကုန်ထားပြီးတော့မှ အဲသည်မှာပဲ ဈေးဖြတ်ပြီး ခွင့်ပြုတဲ့စနစ်ကို လုပ်နိုင်ရင်တော့ အဆင်ပြေ နိုင်မယ်လို့သိရပါတယ်။ ကျွဲနွားတင်ပို့မှုနဲ့ ပတ်သက်ပြီးတော့ မန္တလေးတိုင်းဒေသကြီးက ၂၀၁၉ ခုနှစ် ဧပြီလ ၉ ရက်နေ့မှာ ဆွေးနွေးပွဲတစ်ခု လုပ်ခဲ့ပါတယ်။ အဓိကကတော့ ကျွဲနွားတွေ တင်ပို့နေတဲ့နေရာမှာ တွေ့လာရတဲ့ အခက်အခဲတွေကို ဘယ်လို ကျော်လွှားရမလဲဆို တာ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

စင်တာကို လွယ်ကျယ်မှာဆိုရင်လည်း ဗန်းမော်လိုနေရာမျိုး အစာရေစာပေါများတဲ့ နေရာမျိုး မှာ လုပ်လိုက်ရင် နှစ်ပတ်ထားလည်း ကိစ္စမရှိဘူး။ သုံးပတ်ထားလည်းကိစ္စမရှိဘူး။ ကျွေးမွေးနိုင်တဲ့အခြေအနေတွေ ရှိတယ်လို့ ဆိုပါတယ်။ ဘဏ်ထဲကို ငွေရောက်ပြီ ဆိုမှ ပစ္စည်းပို့တဲ့ စနစ်မျိုးကိုပြောင်းမှ ကုန်သည်ကလည်း အဆင်ပြေလာမှာဖြစ်ပြီး ပုံစံကျတဲ့ တင်ပို့မှုဖြစ်လာနိုင်မယ်လို့ ဒေါက်တာ ကျော်ထင်ကဆိုပါတယ်။

**Source:** https://www.kumudranews.com/news-

## အိန္ဒိယဝယ်မည့်သတင်းကြောင့် ပဲစင်းငုံဈေးပြန်တက်

ရန်ကုန်၊ ဧပြီ ၂၇- မြန်မာပဲကို အိန္ဒိယ အစိုးရဝယ်ယူမည့် ကြေညာချက်ထွက်ရှိပြီး တစ်လအတွင်း ပဲစင်းငုံ တစ်တန်လျှင် ကျပ်ဆယ်သိန်းနှစ်သောင်းအထိ ဈေးပြန်တက်လာကြောင်းသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် မတ်ပဲတန်ချိန် တစ်သိန်းခွဲ၊ ပဲစင်းငုံတန်ချိန် နှစ်သိန်းနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲဝယ်ယူမည်ဟု မတ် ၃၀ ရက်က အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက် ထွက်ရှိပြီးချိန်မှ ပဲစင်းငုံနှင့်မတ်ပဲဈေးမှာ တရိပ်ရိပ် ပြန်တက်လာခဲ့ခြင်းဖြစ်ပြီး ဧပြီ ၂၇ တွင် ပဲစင်းငုံ အသစ် (၂၀၁၉) တစ်တန် ကျပ်ဆယ်သိန်းနှစ်သောင်း၊ ပဲစင်းငုံအဟောင်း (၂၀၁၇/၂၀၁၈) တစ်တန်ကျပ်ကိုးသိန်းနှစ်သောင်းတို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

လက်ရှိတွင်အိန္ဒိယသို့ ပဲတင်ပို့မှုမရှိသေးသော်လည်း အိန္ဒိယနိုင်ငံဘက်မှ ဝယ်ယူချိန်၌ အဆင်သင့်ဖြစ်စေရန် ကြိုတင် ဝယ်ယူစုဆောင်းထားမှုများရှိသဖြင့် ပဲဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း အလုပ်အမှုဆောင် ဒေါက်တာမျိုးလွင်က ဧပြီ ၂၇ ရက်တွင် ဒီမိုကရေစီတူဒေးသို့ပြောသည်။ မြန်မာ့ပဲကိုဝယ်ဖို့ အိန္ဒိယဘက်က လိုအပ်တဲ့ခွင့်ပြုချက်တွေ ဆောင်ရွက်နေကြဆဲပါ။ အိန္ဒိယဘက်က စဝယ်မယ်ဆိုရင် ဒီဘက်က ကုန်သည်တွေအနေနဲ့ တင်ပို့နိုင်ဖို့ ပဲတွေလိုက်ပြီး ဝယ်နေကြတာဖြစ်ပါတယ်ဟု ၎င်းကပြောသည်။

အိန္ဒိယဝယ်ယူမည့် ပဲတန်ချိန်ကို မည်သည့်ကာလအတွင်းအပြီး တင်ပို့ရမည်။ မည်ကဲ့သို့တင်ပို့ရမည် စသည့်အစီအစဉ်များကို မေလဒုတိယပတ်အတွင်း အိန္ဒိယဘက်မှ ထုတ်ပြန်ပေးနိုင်ဖွယ်ရှိသည်ဟု ပဲကုန်သည်အများစုက ခန့်မှန်းထားကြသည်။ ကြေညာချက်မထွက်ခင်က ပဲစင်းငုံအသစ် တစ်တန် ကျပ်ရှစ်သိန်းရှစ်သောင်း၊ ပဲစင်းငုံအဟောင်းတစ်တန် ကျပ်ခုနစ်သိန်း ရှစ်သောင်းရှိခဲ့ရာမှ ကြေညာချက်ထွက်ပြီးနောက် ပဲစင်းငုံအသစ်တစ်တန်ကျပ် ဆယ်သိန်းနှစ်သောင်း၊ ပဲစင်းငုံအဟောင်း တစ်တန်လျှင်ကျပ် ကိုးသိန်းနှစ်သောင်းသို့ ရောက်ရှိခဲ့သည်။

ယင်းကြေညာချက်မထွက်ခင်က မတ်ပဲအသစ်တစ်တန် ကျပ်ခုနစ်သိန်းတစ်သောင်း၊ မတ်ပဲအဟောင်း တစ်တန် ကျပ်ခုနစ်သိန်းရှိခဲ့ရာမှ ကြေညာချက်ထွက်ပြီး ဧပြီ ၂၇ ရက်အတွင်း မတ်ပဲအဟောင်း တစ်တန် ကျပ်ရှစ်သိန်း၊ မတ်ပဲအသစ် တစ်တန် ကျပ်ရှစ်သိန်းတစ်သောင်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် မြန်မာ့ မတ်ပဲအဟောင်း နှင့်၂၀၁၉ ပဲအသစ်စုစုပေါင်း တန်ချိန် သုံးသိန်းမှ လေးသိန်းကြားခန့် ကျန်ပြီး ပဲစင်းငုံမှာမူ တန်ချိန် တစ်သိန်းအောက်သာရှိသဖြင့် အိန္ဒိယ၏ Quota သတ်မှတ်ချက်တန်ချိန်ထက် ပဲစင်းငုံလိုအပ်ချက်ရှိမည်ဖြစ်ကြောင်း ပဲဈေးကွက်မှသိရသည်။

**Source:** https://www.yangonmedia.com/economy/item/13588-

## သီးနှံဝယ်ယူရေး အစိုးရအေဂျင်စီဖြစ်သည့် Nafed က ယခုနှစ် Kharif ရာသီ ပဲမျိုးစုံဝယ်ယူထားရှိမှုပမာဏမှာ ရည်မှန်းထားသည့်ပမာဏအောက် ၅၅ ရာခိုင်နှုန်းလျော့နည်း

အိန္ဒိယအစိုးရသည် ၂၀၁၈–၂၀၁၉ Kharif ရာသီ (နွေရာသီ) စိုက်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတန်ချိန် ၃ ဒသမ ၈ သန်းထိ ဝယ်ယူရန်မျှော်မှန်းထားသည့်အနက် လက်ရှိကာလအထိ တန်ချိန် ၁ ဒသမ ၇ သန်းဝန်ကျင်သာ ဝယ်ယူထားပြီး မျှော်မှန်းထားသည့် ပမာဏအောက် ၅၅ ရာခိုင်နှုန်းခန့်လျော့နည်းနေသော်လည်း အစိုးရ လက်ထက်တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံလက်ကျန် ကုန်စည်ပမာဏမှာ တန်ချိန် ၄ ဒသမ ၅ သန်း ကျော်ရှိ နေကြောင်း သိရှိရသည်။ ပြီးခဲ့သည့်နှစ်ကလည်း အဆိုပါ သီးနှံများအား အစိုးရအစီအစဉ်ဖြင့် တန်ချိန် ၂ ဒသမ ၅၅ သန်းခန့်ထိ ဝယ်ယူခဲ့ရာ မျှော်မှန်းပမာဏ၏ ၇၅ ရာခိုင်နှုန်းထိ စံချိန်တင်ဝယ်ယူနိုင်ခဲ့ကြောင်းသိရှိရသည်။ အလားတူပင်ဆောင်းရာသီ(rabi) စိုက် ပဲမျိုးစုံ နှင့်ဆီထွက်သီးနှံ ဝယ်ယူမှုမှာလည်း လက်တလော ဆောင်ရွက်နေဆဲဖြစ်ပြီး တန်ချိန် ၄ ဒသမ ၃ သန်းအထိ ဝယ်ယူရန်လျာထားကြောင်း၊ ပြီးခဲ့သည့်နှစ်ကမူ အဆိုပါ ဆောင်းသီးနှံ များအား တန်ချိန် ၅ ဒသမ ၅ သန်း ဝယ်ယူရန် လျာထားခဲ့သည့်အနက် တန်ချိန် လေးသန်းဝန်းကျင် ဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။ အစိုးရအနေဖြင့် အဆိုပါ ကုန်စည်များအား ဝယ်ယူရာ၌ အရည်အသွေး သင့်တင့်ကောင်းမွန်သည့်သီးနှံများကိုသာ ဝယ်ယူကြောင်း၊ ယခုကဲ့သို့ ဝယ်ယူပြီးစီးသည့် ပမာဏလျော့နည်း ရခြင်း၏ အဓိကအကြောင်းအရင်းမှာ Maharashtra ပြည်နယ်၌ ပဲစင်းငုံ ထုတ်လုပ်မှုလျော့နည်းပြီး Gujarat ပြည်နယ်၌ မြေပဲထုတ်လုပ်မှုပမာဏလျော့နည်းခဲ့သည့်အတွက်ဖြစ်သည်ဟု National Agricultural Cooperative Marketing Federation of India Ltd (Nafed)၏ အကြီးတန်းအရာရှိ တစ်ဦးက ပြောကြားသည်။ အိန္ဒိယအစိုးရသည် ၂၀၁၈–၂၀၁၉ သီးနှံရာသီအတွင်း တောင်သူ လယ်သမား ၁၂၃၈၅၄၇ ဦးထံမှ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအား MSP ဈေးနှုန်းဖြင့် ဝယ်ယူရာ၌ ရူပီးကုဋေ ၉၃၇၂ ခန့်သုံးစွဲထားပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့်

သုံးနှစ်အတွင်းကမူ ပဲမျိုးစုံဝယ်ယူရေးအတွက် အစိုးရအနေဖြင့် အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ရကြောင်း၊ ယခုနှစ်တွင်မူ ပြည်တွင်း၌ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး အတွက် အစိုးရလက်ဝယ်ရှိ တန်ချိန် ၄ ဒသမ ၅ သန်းကျော်အား စီမံခန့်ခွဲရန်ကို ပိုမိုအာရုံစိုက် ဆောင်ရွက် နေကြောင်း၊ လက်တလောရှိနေသည့် စိန်ခေါ်မှုအနေဖြင့် ဈေးကွက်၌ ဈေးနှုန်းသင့်တင့်ညီမျှရေး ထိန်းညှိရန်ဖြစ်ကြောင်း၊ ဈေးအလွန်အမင်းကျဆင်းပါက တောင်သူများကို ထိခိုက်စေနိုင်ပြီး ဈေးအလွန် မြင့်တက်ပါကလည်း စားသုံးသူများအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်သည့်အတွက် ဈေးနှုန်း သင့်တင့်ညီမျှရေး ထိန်းညှိရန်မှာ အလွန်အရေးပါသည်ဟု အဆိုပါတာဝန်ရှိသူက ပြောကြားထားကြောင်း သိရှိရသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ၂၀၁၈-၂၀၁၉ ရာသီ သီးနှံထုတ်လုပ်မှုပမာဏ ဒုတိယအကြိမ် ခန့်မှန်းချက်အရ Kharif ရာသီစိုက်ပဲမျိုးစုံထုတ်လုပ်မှုပမာဏမှာ တန်ချိန် ကိုးသန်းဖြစ်ပြီး ဆောင်းရာသီပဲမျိုးစုံ ထုတ်လုပ်မှု ပမာဏမှာ တန်ချိန် ၁၅ သန်းရှိမည်ဟုခန့်မှန်းထားကြောင်း၊ ဆီထွက်သီးနှံထုတ်လုပ်မှုခန့်မှန်း ပမာဏအနေဖြင့်မူတန်ချိန် ၃၁၅ သန်းအထိ ပြည့်မီဖွယ်ရှိ မည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။ ယခုနှစ်တွင် Nafed ကဝယ်ယူထားသည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံပမာဏနည်းရခြင်းမှာ အထွက်နှုန်းလျော့ကျသည့် အတွက်ကြောင့်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံတွင် သတ်မှတ်သီးနှံများ၏ ဈေးနှုန်းများ၏ ပြင်ပဈေးကွက် ပေါက်ဈေးမှာ MSP ဈေးအောက်ကျဆင်းချိန်၌ တောင်သူ လယ်သမားများထံမှ စိုက်ပျိုးရေး ထွက်ကုန်များကို MSP ဈေးနှုန်းဖြင့် ဝယ်ယူပေးလေ့ရှိပြီး အဆိုပါဝန်ဆောင်မှုအား အစိုးရကိုယ်စားဆောင်ရွက်သည့် အေဂျင်စီအဖွဲ့အစည်းတစ်ခုဖြစ်သည့် Nafed သည် ယခုနှစ်ရာသီတွင် ပဲမျိုးစုံ (အထူးသဖြင့်ပဲစင်းငုံ)နှင့် ဆီထွက်သီးနှံ (အဓိကအားဖြင့်မြေပဲ) တို့ကို ယခင်နှစ်ထက် ပမာဏပိုနည်း၍ ဝယ်ယူထားကြောင်း သိရှိရသည်။ ထိုသို့လျော့နည်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ Maharashtra ပြည်နယ်၌မိုးခေါင်သည့် အခြေအနေ မျိုးဖြစ်ခဲ့ပြီး အခြားပြည်နယ်များတွင်လည်း သင့်တင့်ကောင်းမွန်သည့် ရာသီဥတုအခြေအနေမရှိ ခဲ့ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းများ လျော့ကျခဲ့သည့်အတွက်ဖြစ်ကြောင်း၊ ယင်းသို့သော အခြေအနေများကြောင့် အိန္ဒိယအစိုးရက ထုတ်ပြန်သည့် ဒုတိယအကြိမ်သီးနှံ ထုတ်လုပ်မှုခန့်မှန်းပမာဏတွင် ပထမအကြိမ်ခန့်မှန်း ပမာဏအောက် လျှော့ချခန့်မှန်း ထားကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အထွက်နှုန်း လျော့ကျမည့်သီးနှံများတွင် ပဲစင်းငုံသီးနှံမှ ည ၄ ဒသမ ဝ၈ သန်းထွက်ရှိမည်ဟု ပထမအကြိမ်က ခန့်မှန်းခဲ့ သော်လည်း ယခုအခါ တန်ချိန် ၃ ဒသမ ၆၈ သန်းသို့ လျှော့ချခန့်မှန်းထားကြောင်း၊ အလားတူ မြေပဲထုတ်လုပ်မှု ပမာဏအနေဖြင့်ယခင်က တန်ချိန် ၆ ဒသမ ၃၂၈ သန်းရှိမည်ဟု ခန့်မှန်းထားရာမှ ယခုအခါ တန်ချိန် ၅ ဒသမ ၄၄၁ သန်းသို့ လျှော့ချခန့်မှန်းထားကြောင်း Nafed ၏ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဆိုင်ရာ အမှုဆောင် ဒါရိုက်တာဖြစ်သူက ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်တွင် ရှင်းလင်းပြောကြားထားသည်။ ထို့ပြင် အစိုးရ ဝယ်ယူပြီးစီးသည့် ပမာဏလျော့နည်းရခြင်း၏ အကြောင်းအရင်းတစ်ရပ်မှာ အချို့သော ပဲသီးနှံ အမျိုးအစား များမှာ MSP ဈေးနှုန်းအထက်သို့ ရောက်နေသောကြောင့် တောင်သူများက ပြင်ပဈေးကွက်သို့ ရောင်းချသည့် အတွက်ဖြစ်ကြောင်း၊ အလားတူ ပဲပုပ်သီးနှံဈေးနှုန်းမှာလည်း MSP ဈေးနှုန်း အထက်သို့ တက်ရိပ် ရှိသည်ဟု ခန့်မှန်းယူဆကြသည့်အတွက် အစိုးရကဝယ်ယူပေးရသည့် ပမာဏ အလွန်နည်းသည်ဟု ၄င်းက ထည့်သွင်း ပြောကြား ထားကြောင်းသိရှိရပါသည်။

**Source: မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ရေချိုနှင့် ရေငန်ရေထွက်ကုန် အစားအသောက်များကို ပိုမိုတင်သွင်းနေသည့် ဟူနန်ပြည်နယ်

တရုတ်နိုင်ငံတောင်ပိုင်းရှိ ပြည်နယ်တစ်ခုဖြစ်သော ဟူနန်ပြည်နယ်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ရေချိုနှင့်ရေငန် အစားအသောက် တန်ချိန် ၃၂၇၇ ဒသမ ၆ တန် တင်သွင်းခဲ့ပြီး ပြီးခဲ့သောနှစ် အလားတူ ကာလကထက် ၁၆၀ ရာခိုင်နှုန်းပိုမို တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ တင်သွင်းမှု တန်ဖိုးအားဖြင့်ယွမ် ၂၃၀ သန်းဖိုး တင်သွင်းခဲ့ပြီး ၉၂၀ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ပါသည်။ ပျမ်းမျှ သွင်းကုန်ဈေးနှုန်းမှာ တစ်ကီလို ဂရမ်လျှင် ၆၈ ဒသမ ၇ ယွမ်ရှိခဲ့ကာ ၃၀၀ ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ ဟူနန် ပြည်နယ်သို့ ရေချိုနှင့်ရေငန် အစားအသောက်များ တင်သွင်းမှုမှာ ၂၀၁၈ ခုနှစ် မှစတင်၍ အတက်ဘက်သို့ ဦးတည်လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ လစဉ်တင်သွင်းမှု ပမာဏ နှစ်ဆ ဖြစ်လာခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလများတွင် သွင်းကုန်ပမာဏ ၇ ဒသမ ၅ ဆနှင့် ၁၁ ဒသမ ၁ ဆ အသီးသီး တိုးတက်လာပါသည်။ ထိုကာလများအတွင်း ဟူနန်ပြည် နယ်သည် ဗီယက်နမ်မှ ရေထွက်ကုန်ပစ္စည်းများကို ပမာဏအားဖြင့် အများဆုံး တင်သွင်းခဲ့ခြင်းဖြစ်ကာ စုစုပေါင်း ရေထွက်ကုန် တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။ တန်ဖိုးအားဖြင့် အများဆုံးတင်သွင်းခဲ့သည့် နိုင်ငံမှာ ကနေဒါနိုင်ငံမှဖြစ်ပြီး စုစုပေါင်း တန်ဖိုး၏ ၆၉ ဒသမ ၆ ရာခိုင်နှုန်းခန့်ကို တင်သွင်းခဲ့ကြောင်း တွေ့ရပါသည်။ အဓိကတင်သွင်းသည့် ရေထွက်ကုန်စည်များမှာ ပုစွန်တုတ် ကြီးနှင့် အေးခဲကင်းမွန်များဖြစ်ကြပါသည်။ ရေထွက်ကုန်များကို တင်သွင်းရာတွင် လေကြောင်းလိုင်းဖြင့် အဓိကသယ်ယူ ပို့ဆောင်

ပါသည်။ ၂၀၁၉ ခုနှစ် ပထမနှစ်လအတွင်း ဟူနန်ပြည်နယ်သည် လေကြောင်းဖြင့် ရေထွက်ကုန်ပစ္စည်း ၂၀၇၁ ဒသမ ၇ တန်ကိုတင်သွင်းခဲ့ပြီး ၂၅ ဒသမ ၂ ဆတိုးတက်လာကာ စုစုပေါင်းတင်သွင်းမှု၏ ၆၃ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ လေကြောင်းဖြင့် တင်သွင်းခဲ့သည့် သွင်းကုန်တန်ဖိုးမှာ ယွမ်သန်း ၂၀၀ ဖြစ်ပြီး ၄၀ ဒသမ ၆ဆ တိုးတက်လာကာ ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းရှိခဲ့ပါသသည်။ ယမန်နှစ်မှစ၍ ဟူနန်ပြည်နယ်တွင် ကုန်စည်အပြည့်တင် ဆောင်လာသည့် လေယာဉ်များကို ဖွင့်ပေးခဲ့ပါသည်။ သွင်းကုန်အားဖြင့် ကုန်တင်လေယာဉ် အများစုတို့မှာ ရေချိုနှင့်ရေငန်အစားအစာများကို သယ်ဆောင်လာကြ ပါသည်။ ပို့ကုန် အားဖြင့်ကုန်တင်လေယာဉ်အများစုတို့သည် ဟူနန်နှင့် အခြားတရုတ်ဒေသများမှ ထွက်ရှိသည့် ကုန်စည်အမျိုးမျိုးတို့ကို သယ်ဆောင်ကြပါသည်။ ထိုကဲ့သို့ လေယာဉ်ဖြင့် ကုန်သွယ်သည့်လမ်းကြောင်း ဖွင့်လှစ် ပေးခဲ့သည့်အတွက် ဟူနန်ပြည်နယ်မှ တင်သွင်းသည့် ရေချိုနှင့်ရေငန်ကုန်စည်များ၏ ပမာဏနှင့်တန်ဖိုးမှာ လျင်မြန်စွာတိုးတက်လာခြင်းဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး၊ နန်နင်းမြို့**

## STOCK EXCHANGE (29.4.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 0 | 0 | 27,112,747 | 238,592 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 11,817 | 34,803,500 | 38,929,150 | 114,841 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 360 | 7,560,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 10 | 28,000 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.04 | +1.42 | +0.38% | 374.62 | 376.04 | 374.62 | 12,187 | 42,391,500 | 5 | 513,389 |


**Index chart**



# Market Overview

As of 1:00 pm, 29th Apr. 2019

| MYANPIX | 376.04 ▲ 1.42 |
|---|---|
| Total Volume (shares) | 12,187 |
| Total Value (MMK) | 42 mil |
| Listed Company | 5 |
| Market Cap. (MMK) | 513,389 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |

TIR